# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြသည့် Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအားတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့သို့ လာရောက်လေ့လာကြသည့် Naypyitaw State Academyမှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ခင်စိုး ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၉၄ ဦးတို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်လူငယ် အုတ်တစ်ချပ် သဲတစ်ပွင့် Video Clip ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် Naypyitaw State Academyမှ ဒုတိယပါမောက္ခချုပ်ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မိမိတို့ ပြည်သူ့လွှတ်တော်ဝန်ထမ်းမိသားစုများအနေဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ ယနေ့လူငယ်များသည် ကမ္ဘာကြီးအတွက် နိုင်ငံ့အနာဂတ်၊ မိသားစုအတွက် အရေးကြီးသောသူများဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းစွာနေထိုင်ပြီး ပညာသင်ကြားနေသည့်အတွက် ဂုဏ်ယူရပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲ စနစ်ကို မပြစ်မနေကျော်ဖြတ်ရပါကြောင်း၊ ထိုရွေးကောက်ပွဲတွင် ပြည်သူလူထုမှ အသဲကြား က မဲတစ်ပြားကို မိမိစိတ်ကြိုက် သဘောထားအတိုင်း လွတ်လွတ်လပ်လပ် မိမိတို့ကိုယ်စား

လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် ရွေးချယ်စေလွှတ်ထားသည့် ပုဂ္ဂိုလ်များ ပေါင်းစည်းထားသည့်နေရာကို လွှတ်တော်ဟုခေါ်ပါကြောင်း၊ မိမိတို့ လွှတ်တော်သည် နိုင်ငံကို ဦးစီးဦးဆောင်ပြုမည့် နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်အကြီးအကဲများကို ရွေးချယ်ပေးရပါကြောင်း၊ အစိုးရအဖွဲ့အစည်းများ၏ အကြီးအမှူးများကို အတည်ပြုခြင်း များကိုလည်း ဆောင်ရွက်ရပါကြောင်း၊ မဏ္ဍိုင်ကြီး သုံးရပ်တွင် ဥပဒေပြုရေး မဏ္ဍိုင်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် မိမိက ဦးဆောင်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်ကို နိုင်ငံတော်သမ္မတက ဦးဆောင်ပြီး တရားစီရင်ရေးမဏ္ဍိုင်ကို ပြည်ထောင်စုတရားသူကြီးချုပ်က ဦးဆောင်ရပါ ကြောင်း၊ မဏ္ဍိုင်ကြီး သုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုသည်ထက် အမှန် တကယ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေး ကိစ္စရပ်များကို ညှိနှိုင်းတိုင်ပင် ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေ ၄၁၉ ခု ရှိပြီး အဆိုပါဥပဒများသည် ယနေ့ မျက်မှောက်ခေတ် အခြေအနေနှင့် ကိုက်ညီမှုရှိမရှိ၊ ခေတ်စနစ်နှင့်ညီမညီကို စိစစ်လေ့လာပြီး အသစ်ပြန်လည်ပြဋ္ဌာန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပါကြောင်း၊ သာမန် ပြည်သူတစ်ဦး တစ်ယောက်အနေဖြင့် မိမိရပ်ရွာဒေသကောင်းကျိုးကိစ္စရပ်များကို တင်ပြမည်ဆိုလျှင် အခက်အခဲရှိနိုင်သည့်အတွက် မိမိတို့ကိုယ်စား ဆန္ဒမဲပေးရွေးချယ်ပြီး တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာသို့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ သို့ဖြစ်ရာ လွှတ်တော်သည် အစိုးရနှင့် ပြည်သူကို ကြားခံပေါင်းကူးတံတားသဖွယ် လုပ်ဆောင်နေပါကြောင်း၊ ယခုလို ပညာတတ် ကျောင်းသားလူငယ်များ လာရောက်လေ့လာသည့်အတွက် နောင်တစ်ချိန်မှာ နိုင်ငံ့တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ရမည့် အနာဂတ်လူငယ်များကို လွှတ်တော်အနေဖြင့် ထပ်မံ

ဖိတ်ခေါ်လိုပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ်များ ဖြစ်ကြသဖြင့် ပညာအရည်အချင်း၊ နည်းပညာ ကျွမ်းကျင်မှု၊ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆန်းသစ်တီထွင်နိုင်စွမ်းတို့ကို အစဉ်အမြဲ မြှင့်တင် ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေစိုးမိုးရေး၊ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးနှင့် တာဝန်များကိုလည်း မှန်ကန်စွာ နားလည်ထားကြရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် အသင်းအဖွဲ့အလိုက် ဆောင်ရွက် တတ်ခြင်းဖြင့် မိမိအကျိုး၊ မိသားစုအကျိုး၊ လူမှုအဖွဲ့အစည်းအကျိုးနှင့် နိုင်ငံတော်အကျိုးကို တစ်ပြိုင်နက်တည်း ဖော်ဆောင်နိုင်သည့် အရည်အသွေးပြည့်ဝသော လူငယ်များ ဖြစ်လာမည် ဖြစ်ကြောင်း၊ ယနေ့ လေ့လာရေးခရီးစဉ်မှရရှိသည့် အသိပညာနှင့် အတွေ့အကြုံများကို မိမိတို့၏ သင်ကြားရေး လုပ်ငန်းများတွင် ပြန်လည်အသုံးချကာ နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးကောင်းများအဖြစ် ကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်ခင်စိုး က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက အာဆီယံ ပါလီမန်များအကြောင်း၊ ပြည်သူ့လွှတ်တော်၏အခန်းကဏ္ဍ၊ သန်းခေါင်စာရင်း ကောက်ယူခြင်း အကျိုးကျေးဇူး၊ ပညာရေးကဏ္ဍ၊ ပြည်သူ့ရေးရာအခန်းကဏ္ဍ၊ သုတေသနလုပ်ငန်းများ၊ သံတမန်ရေးရာဆောင်ရွက်နေမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး

တို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ရှင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ တို့က တက်ရောက်လာကြသည့် Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် နိုင်ငံတကာဆက်ဆံရေးပညာ၊ သံတမန်ရေးရာ၊ သမိုင်း၊ ဘောဂဗေဒ၊ စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှုပညာနှင့် BA (Eco) ဘာသာရပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)